# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
# အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
# မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်
# ဒုတိယအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားအတွက်
# ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်၏ ဒုတိယအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည် -

| | | | |
|---|---|---|---|
| အစမ်းလေ့ကျင့်မည့်ရက် | - (၂၆-၅-၂၀၂၃) ရက် | (သောကြာနေ့) | နံနက် -၉:၃၀ နာရီ |
| ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက် | - (၂၇-၅-၂၀၂၃) ရက် | (စနေနေ့) | နံနက် -၉:၃၀ နာရီ |

၂။ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်ကကြီးမှူးကျင်းပသည့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် ၂၀၂၂ ခုနှစ်၊စက်တင်ဘာလနှင့် ၂၀၂၃ ခုနှစ်၊ မတ်လတွင်ကျင်းပခဲ့သော **B.E.(Hons.)Computer Science and Engineering** နှင့် **B.E.(Hons.)Electronics and Communications Engineering** သင်တန်းများကို အောင်မြင်ခဲ့သူများသည် မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် ဒုတိယအကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများ လျှောက်ထားနိုင်သည်။

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည် -

| | |
|---|---|
| (က)တက်ရောက်ဘွဲ့ | - ၁၅၀၀ိ/- (ကျပ်တစ်ထောင့်ငါးရာတိတိ) |
| (ခ) အဝေးရောက်ဘွဲ့ | - ၁၀၀၀ိ/- (ကျပ်တစ်ထောင်တိတိ) |

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာများကို (၂၄-၄-၂၀၂၃)ရက်နေ့မှ စတင်၍ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် ကျောင်းသားရေးရာဌာနမှ ရယူပြီး ပြည့်စုံစွာ ဖြည့်စွက်၍ (၁၉-၅-၂၀၂၃) ရက် (သောကြာနေ့) ရုံးချိန်အတွင်း နောက်ဆုံးထားပြီး လျှောက်ထားရမည်။ (အစိုးရရုံးပိတ်ရက်များမပါ)

၅။ သတ်မှတ်လျှောက်လွှာပုံစံများကို ကျောင်းသားရေးရာဌာနတွင် ရယူဖြည့်စွက်ပြီး လွန်ခဲ့သော (၃)လအတွင်း မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား) နှစ်သက်ရာ ဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ သပ်ရပ်စွာရိုက်ကူးထားသော (၁½"x၂")အရွယ် ဓါတ်ပုံ(၅)ပုံနှင့်အတူ နိုင်ငံသား စိစစ်ရေးကတ်ပြား မိတ္တူကိုပါ ပူးတွဲတင်ပြ လျှောက်ထားရမည်။

၆။ ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။

၇။ အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် လျော်ညီသောမြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား) နှစ်သက်ရာ ဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။ အကယ်၍ သတ်မှတ်ထားသည့်အတိုင်း ဝတ်ဆင်ခြင်းမရှိပါက ဘွဲ့နှင်းသဘင်အခမ်းအနားကိုတက်ရောက်ခွင့်ပြုမည် မဟုတ်ပါ။

၈။ အသေးစိတ်အချက်အလက်များကို ကျောင်းသားရေးရာဌာန ဖုန်းနံပါတ် (၀၉-၇၈၅၅၅၇၇၀၆, ၀၉-၇၈၅၅၅၇၇၀၉) သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်